# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 23, 2020 Volume 27, Number 15


**၂၃.၁.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၅၅၈/- US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၇၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၄၇၃/- ကျပ် |
| CBM Rate | = ၁၄၆၈.၄ /ကျပ် |
| ယူရို တစ်ယူရို | = ၁၆၂၇.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၈၈.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၈.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၄၀.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၀၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၁.၈၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၀.၆၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၅.၈၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၁၁၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့လယ်ယာထွက် ပြောင်းဆန်များ ထိုင်းနိုင်ငံသို့ တင်ပို့ရန် စုဆောင်းနေပြီဖြစ်



မြန်မာလယ်ယာထွက်ကုန် ပြောင်းဆံများကို ထိုင်းနိုင်ငံဘက်သို့တင်ပို့ရန် စုဆောင်းနေကြဖြစ်ကြောင်း မြဝတီနယ်စပ်ရှိ ပြောင်းကုန်သည်လုပ်ငန်းရှင်များထံမှသိရသည်။ လယ်ယာထွက်ကုန် ပြောင်းဆန်များအား ထိုင်းနိုင်ငံဘက်သို့ တင်ပို့ရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ ဖေဖော်ဝါရီ ၁ ရက်မှဩဂုတ် ၃၁ ရက်ထိ အခွန်ကင်းလွတ်ခွင့်နှင့် တင်ပို့ခွင့်ရသော်လည်း ဩဂုတ်လကုန်နောက်ပိုင်းတွင် ထိုင်းနိုင်ငံ၌ ပြောင်းထွက်ချိန်နှင့် တိုက်ဆိုင်နေ၍ အစိုးရက နိုင်ငံသားအကျိုးစီးပွားကိုကာကွယ်သည့်အနေဖြင့် အခွန်နှုန်းမြှင့်ထားခြင်းကြောင့် ထိုင်းနိုင်ငံဘက်သို့ တင်ပို့နိုင်ခြင်းမရှိကြောင်းသိရပါသည်။ ယင်းကဲ့သို့ သတ်မှတ်ကာလအတွင်း ပြောင်းဆံများတင်ပို့ခဲ့သော်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ဂျိုင်းမြစ်ရေ မြင့်တက်ခြင်းကြောင့် ဂျိုင်း (ကျုံဒိုး) ပွန်တွန်း တံတားပေါ်မှ ကုန်တင်ယာဉ်များ သွားလာမရခြင်း၊ လမ်းခရီးမဖြောင့်ဖြူးခြင်း၊ ကြန့်ကြာခြင်းတို့ကြောင့် အချိန်မီတင်ပို့နိုင်ခြင်းမရှိခဲ့၍ ပြောင်းကုန်သည်လုပ်ငန်းရှင်များ များစွာနစ်နာခဲ့ကြောင်းသိရသည်။

မြန်မာ့လယ်ယာထွက်ကုန် ပြောင်းဆန်များအား လာမည့် ဖေဖော်ဝါရီ ၁ ရက်တွင် အဆင်သင့်တင်ပို့နိုင်အောင် ပြင်ဆင်နေကြောင်း ပြောင်းကုန်သည်လုပ်ငန်းရှင် ကိုမြတ်ထွန်းနိုင်ကပြောကြားသည်။ ပြောင်းကုန်သည် ကိုမြတ်ထွန်းနိုင်က "ခုတော့ လာသမျှပြောင်းတွေကို ပုံထားရပါတယ်။ အဆင်သင့်ဖြစ်အောင်ပေါ့။ တရုတ်ဘက်ကို ပို့လို့မရလို့သာ ဒီဘက်ကိုလာကြတာပါ။ ပြောင်းတင်ပို့မှုရနေတော့ ကားသမားအလုပ် သမားတွေ အဆင်ပြေကြတယ်။ ရေရှည်တင်ပို့ခွင့်ရဖို့လည်း မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသို့ လုံးဝတင်ပို့၍မရခြင်းမျိုးမဟုတ်ဘဲ နိုင်ငံ၏တောင်သူများကို ကာကွယ်သည့်အနေဖြင့် အခွန်နှုန်းမြှင့်ထားခြင်းဖြစ်သည်။ ထိုင်းနိုင်ငံထုတ်ကုန်များ မြန်မာနိုင်ငံသို့ တင်သွင်းရာတွင် ၁၀၀ ရာနှုန်းရှိပြီး မြဝတီဘက်ကတင်ပို့မှုမှာ တစ်ရာခိုင်နှုန်းသာရှိရာမှ ယခုနှစ်တွင် ပြောင်းတင်ပို့ခွင့်ရ၍ ပို့ကုန်ကုန်သွယ်မှုမှာ ၁၀ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ မြန်မာနိုင်ငံအတွင်းသို့ ထိုင်းကုန်ပစ္စည်းပေါင်းများစွာတို့ကို နေ့စဉ်ကားအစီးရေ ၅၀၀ ကျော် တင်သွင်းနေသော်လည်း နိုင်ငံသားအကျိုးစီးပွားအတွက် မည်သည့်ပစ္စည်းကိုမျှ အခွန်နှုန်းမြှင့်တင်ထားခြင်းမရှိကြောင်း

သိရသည်။

Source: https://news-eleven.com/article/155849

## မန္တလေးကျောက်စိမ်းဈေးကွက်၌ တရုတ်ဝယ်လက်မရှိ၍ ဒေသခံအချင်းချင်း အရောင်းအဝယ်ဖြင့်သာလည်ပတ်နေ




ယခုရက်ပိုင်း၌ မန္တလေးမြို့ ကျောက်စိမ်းဈေးကွက်အတွင်း တရုတ်ဝယ်လက်မရှိခြင်းနှင့် ကုန်ကြမ်းရှားပါးမှုကြောင့် အရောင်းအဝယ်အေးစက်နေပြီး ဒေသခံဝယ်ရောင်းသမားအချင်းချင်းဖြင့်သာ ဈေးကွက်လည်ပတ်နေရကြောင်း ကျောက်စိမ်းကုန်သည်များနှင့် ပွဲစားများထံမှ သိရသည်။ "တရုတ်ဝယ်လက် တော်တော်များများက ရိုးရာနှစ်သစ်ကူးပွဲတော်အတွက် သူတို့ရဲ့ ပြည်မကြီးကို ပြန်သွားကြလို့ ဈေးကွက်အေးနေသလို ကချင်ပြည်နယ်၊ ဖားကန့်၊ တာမခံဒေသ ဘက်က ကျောက်စိမ်းကုန်ကြမ်းတွေလည်း အဝင်နည်းတဲ့အတွက် ကုန်ချောလုပ်ဖို့ ပစ္စည်းရှာရတာခက်နေပါတယ်။ ဆိုင်ခန်းတွေပိတ်ထားကြတာများပြီး ခွင်ဝိုင်းနဲ့ပျံကျမီးထိုးဝိုင်းမှာတော့ ကုန်ကြမ်းအနည်းငယ်ရှိလို့ ဆိုင်ခန်းတချို့ဖွင့်လှစ်ကြပေမယ့် စည်ကားမှုမရှိဘဲ ဖန်စီလိုင်းမှာတော့ နိုင်ငံခြားသားခရီးသည်တွေ လာရောက်ဝယ်ယူမှုရှိပါတယ်။ အခုလိုမျိုး ကုန်ကြမ်းရှားနေချိန်မှာ လက်ကောက်အဖြစ် ပုံဖော်ရောင်းချသူ မရှိသလောက်ရှိနေသလို ဝယ်ရောင်းသမားအများစုက အပွင့်အဖြစ်သွေးပြီးရောင်းချနေကြပါတယ်။ မြန်မာနိုင်ငံရဲ့ ကျောက်စိမ်းဈေးကွက်အနေ အထားက တရုတ်ဝယ်လက်တွေပေါ်မှာပဲ အဓိကအားထားနေရတာဖြစ်လို့ တရုတ်နှစ်သစ်ကူးပြီးချိန်ဖြစ်တဲ့ ဖေဖော်ဝါရီလလယ်ပိုင်းလောက်မှသာ ဈေးကွက်ပြန်လည်ကောင်းမွန်လာမှာပါ" ဟု မန္တလေးမြို့၏ အဓိကကျောက်စိမ်းဈေးကွက်ဖြစ်သော မဟာအောင်မြေကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းမှ ဝါရင့်ကျောက်ကုန်သည် ဦးမျိုးအောင်က မြန်မာတိုင်းမ်နေ့စဉ်သို့ ပြောသည်။

စခန်းအတွင်းရှိ အပွင့်ဝိုင်းမှလွဲ၍ ကျန်ရှိသည့် လက်ကောက်ဝိုင်း၊ လွှာချပ်ဝိုင်း၊ ခွင်ဝိုင်း၊ မီးထိုးပျံကျဝိုင်း၊ အခင်းဝိုင်း၊ မိုးကုတ်နီပြာဝိုင်းတို့တွင် စည်ကားမှုလျော့ကျပြီး အရောင်းအဝယ် အေးစက်နေခြင်းဖြစ်ကာ ပွဲစားအများစုမှာ ဈေးကွက်အေးချိန်၌ ဝယ်ရောင်းလိုင်းသို့ ကူးပြောင်းလုပ်ကိုင်ကြသော်လည်း ဝယ်လက်မရှိခြင်းကြောင့် တစ်နိုင်တစ်ပိုင်ရင်းနှီးထားသော ကျောက်များ ရောင်းမထွက်ဖြစ်နေရကြောင်းသိရသည်။ ကျောက်စိမ်းလုပ်ငန်းနှင့် ဆက်စပ်နေသည့်ဖြတ်ခုံ၊ ဖောက်ခုံ၊ သွေးခုံတို့တွင် အပ်ထည်ရရှိမှုနည်းပါးသဖြင့် အလုပ်သမားများအတွက် နေ့စဉ်အလုပ်မပေးနိုင်ဘဲဖြစ်နေကာ နိုင်ငံတကာ ခရီးသွားရာသီဖြစ်၍ စခန်းအတွင်းသို့ နိုင်ငံခြားသားခရီးသည်များ လာရောက်လေ့လာလည်ပတ်မှုမှာ ယခင်လများကထက် သိသာစွာပိုမိုများပြားလာကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/134273.html

## လယ်သမားများကို SMEs လုပ်ငန်းများကဲ့သို့ ချေးငွေရရှိရန် ဆောင်ရွက်ပေးမည်

လယ်သမားများကို SMEs လုပ်ငန်းများကဲ့သို့ ချေးငွေရရှိစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ဇန်နဝါရီ ၂၂ ရက်တွင် နေပြည် တော်ရှိ M-Gallery ၌ ပြုလုပ်သည့် "Establishment of Credit Guarantee Corporation for MSMEs" Seminar ဖွင့်ပွဲအမှာစကားတွင် ထည့်သွင်းပြောခဲ့သည်။

"အခုခေတ်နဲ့ ကိုက်ညီအောင်လယ်သမားတွေအားလုံးကို ကျွန်တော်တို့ချီးမြှင့်နိုင်ဖို့ SMEs တွေကနေလုပ်ပေးမယ်။ ထိုင်းမှာလည်း ဒီလိုပဲလုပ်ပေးခဲ့တယ်။ လုပ်ငန်းအငယ်စားလေးတွေကို ငွေချေးတဲ့ပုံစံနဲ့ဖန်တီးချင်တာ။ စပါးချည်းပဲ စိုက်စရာမလိုဘူး။ သူတို့ ကြိုက်တာစိုက်၊ လွတ်လွတ်လပ်လပ် စိုက်။ နှမ်း၊ ပဲ အကျိုးရှိမယ့်ဟာဆိုရင် ဘိန်းကလွဲပြီး အကုန်စိုက်။ စိုက်တဲ့သီးနှံအပေါ်ငွေချေးမယ်။ ကာလကို တစ်နှစ်မသတ်မှတ်ဘူး၊ လိုသလောက် ကာလအတွင်းချေးမယ်။ အတိုးကိုလည်း တန်းတူ ၁၃ ရာခိုင်နှုန်းနဲ့ချေးပေးမယ်"ဟု ပြည်ထောင်စုဝန်ကြီးကပြောသည်။

အစိုးရ၏ ထောက်ပံ့မှု၊ နိုင်ငံတကာ အဖွဲ့အစည်းများ၏ ချေးငွေများကြောင့် Credit Guarantee Corporation-CGC က ဝင်ငွေများစွာရရှိလည်ပတ်လာနိုင်မည်ဖြစ်ကြောင်း၊ CGC ဖွဲ့စည်းရာတွင် ဘဏ်လုပ်ငန်းရှင်များ၊ ပညာရှင်များ၊ စာရင်းကိုင်များ စသည်တို့ပါဝင်စေမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "အာမခံမယ့်ပုံစံနဲ့ ချေးတဲ့အခါ ထိုင်းမှာတော့ တော်တော် အောင်မြင်သွားပြီ။ ထိုင်းဗဟိုဘဏ်ကဦးဆောင်ပြီး CGC တစ်ခုထောင်ပြီး ချေးခဲ့တာ တော်တော်အောင်မြင်သွားပြီ။ ဒီမှာလည်း CGC လယ်သမားတွေကိုပါ SMEs ထဲထည့်ပြီးလုပ်ပေးမယ်"ဟု ၎င်းကဆိုသည်။ ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယ ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ထိုင်းနိုင်ငံဗဟိုဘဏ် Assistant Governorနှင့် အဖွဲ့ဝင်များ၊ ဘဏ်လုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ တက်ရောက်ခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/134270.html

## ရာသီဥတုမမှန်ခြင်းကြောင့် စပါးမဟုတ်သော သီးနှံစိုက်ပျိုးသူများ အာမခံထားရှိလိုကြ

မြန်မာနိုင်ငံတွင် တစ်နှစ်ထက် တစ်နှစ် ရာသီဥတုမမှန်ခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်နေခြင်းအတွက် စပါး သီးနှံကဲ့သို့ တခြားသီးနှံများကိုလည်း အာမခံထားရှိနိုင်ရန် ဆောင်ရွက်ပေးစေလိုကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ထံကသိရသည်။ စပါးသီးနှံအား ပြည်ပနိုင်ငံများ ဖြစ်သည့် အိန္ဒိယနိုင်ငံ၊ ဂျပန်နိုင်ငံ အပါအဝင် ပြည်တွင်း အာမခံကုမ္ပဏီတချို့က အကြိုစီမံကိန်းအဖြစ် ဆောင်ရွက်နေမှုများရှိနေသည့်တိုင် စီမံကိန်းကိုလည်း ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်မှုများရှိနေကြောင်းသိရသည်။ သို့သော်လည်း တခြားသီးနှံများ ပါဝင်မှုမရှိသေးကြောင်း သိရသည်။

မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က "စပါး သီးနှံလိုမျိုး တခြား သီးနှံဖြစ်တဲ့ သရက်ကိုလည်း အာမခံထားလို့ရအောင် လုပ်ဆောင်ပေးစေချင်တယ်၊ ရာသီဥတု ကြောင့် သရက်စိုက်ခင်း တွေ ထိခိုက်မှုကြောင့် စိုက်ပျိုးသူတွေ နစ်နာတာတွေ ရှိတယ်၊ အဲဒါတွေကို ကုစားနိုင်ဖို့အတွက် သတ်မှတ်ပြီး အာမခံထား နိုင်အောင် လုပ်စေချင်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းတွေမှာ နှစ်စဉ်ထိခိုက်ပျက်စီးမှုတွေက စိပ်လာတယ်၊ သဘာဝဘေး၊ လူပြုတဲ့ဘေး တွေကြောင့် ဖြစ်ပေါ်လာမယ့်ဆုံးရှုံးမှုတွေကို အာမခံစနစ်နဲ့အကာအကွယ်ပြုနိုင်ပါတယ်"ဟု ပြောသည်။ မန္တလေးတိုင်းဒေသကြီး အတွင်းတွင် သရက်သီးနှံအဖူးပွင့်ချိန်မတိုင်မီမှာ မိုးရွာသွန်းခဲ့ခြင်းကြောင့် အပွင့်များ၌ မှိုများစွဲကပ်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် လွန်ခဲ့သော သုံးနှစ်ခန့်က အရည်အသွေးကျဆင်းမှုများဖြစ်ပွားခဲ့ပြီး အထွက်နှုန်းကျဆင်းခဲ့ရာ ပြည်ပတင်ပို့ရာတွင် အခက်အခဲတွေ့ခဲ့သလို တောင်သူများအဆင်မပြေဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ထိုကဲ့သို့ ဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွား နေခြင်းကြောင့် တောင်သူများမှာ ထိခိုက်နစ်နာမှုများဖြစ်မည်ကို စိုးရိမ်ပူပန်နေကြကြောင်း သိရသည်။ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သရက်စိုက်တောင်သူ ဦးသိန်းဆောင်က "သရက်သီးကို အရင်နှစ်တွေကဆိုရင် ပန်းပွင့်ချိန်ကနေ စတင်ပြီး ခြံပြတ် (ခြံထဲတွင် စိုက်ပျိုးထားသည့် အပင်အားလုံး)ကို ဝယ်ယူဖို့ လာကြ တယ်၊ ဒီနှစ်မှာတော့ လာဝယ်မယ့်သူ မရှိသေးဘူး၊ ပန်းပွင့်ချိန် မတိုင်မီ မိုးရွာလိုက်တာကြောင့်လည်း မဝယ်ကြတာ ဖြစ်နိုင်ပါတယ်၊ အခုကတော့ အပင်အားလုံးတော့ မထိကြပါဘူး၊ ဒါပေမယ့် ဖြစ်မှာကိုတော့ စိုးရိမ်ပါတယ်၊ ဒီအတွက် တိကျသေချာတဲ့ အာမခံစနစ်မျိုး ထားရှိချင်ပါတယ်၊ အခုက ကောင်းလည်းစိ ပျက်လည်းခံ ဖြစ်နေတဲ့ပုံစံမျိုး ဖြစ်နေပါတယ်"ဟု ပြောသည်။

နိုင်ငံတကာတွင် သီးနှံအာမခံထားရှိလျှင် ထားရှိလိုသည့်မြို့နယ်အလိုက် သတ်မှတ်ထားသောထွက်နှုန်းပေါ်၌ အာမခံ ထားရှိသူမှ ပရီမီယံကြေးအနေဖြင့် ၂ ရာခိုင်နှုန်း ပေးသွင်းရကြောင်း၊ ဥပမာ စပါးကြမ်းခင်း ဈေးနှုန်း ၅၀၀၀ ကျပ်ဖြင့် တွက်ချက် လျှင် စပါးတစ်တင်းအတွက် ပရီမီယံကြေးမှာ ၁၀၀ ကျပ် ကျသင့်မည်ဖြစ်ကြောင်း၊ ပေးသွင်းထားသည့် သီးနှံများပျက်စီးပြီး တင်း ၇၀ ထွက်သည့် နေရာတွင် တင်း ၅၀ သာထွက်ရှိပါက ပျက်စီး ဆုံးရှုံးသွားသော တင်း ၂၀ အား ၅၀၀၀ နှင့်မြှောက်ကာ စုစုပေါင်း တစ်သိန်းကျပ်အား လျော်ကြေးအဖြစ် ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။ ယခုလို သီးနှံ အာမခံ ပုံစံမျိုးနှင့် တွက်ချက် နေသော် လည်း မြန်မာနိုင်ငံအတွင်းတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ နယ် အလိုက် သတ်မှတ်ထားသော ထွက်နှုန်းပမာဏ စာရင်းအား အာမခံကုမ္ပဏီများအနေဖြင့် အတိအကျမရသဖြင့် လုပ်ဆောင်ရန်မှာခက်ခဲလျက်ရှိကြောင်း အာမခံကုမ္ပဏီများထံက သိရသည်။ Global World Insurace Co.,Ltd ဒါရိုက်တာ ဦးစိုးဝင်းသန့်က "ကွင်းဆင်း လုပ်ကိုင်တဲ့ အခါမှာ ဌာနဆိုင်ရာတွေက

သီးနှံ အာမခံ အကြောင်းမသိဘူး၊ သွားပြီး ရှင်းပြတဲ့အခါမှာလည်း အာမခံလုပ်တယ်ဆိုတာ ကုမ္ပဏီအကျိုးစီးပွားအတွက် လာပြီးတော့ကြေငြာတယ်၊ ဈေးကွက်မြင့်တင်တယ်ထင်နေကြတယ်၊ ဒါတွေကို အခက်အခဲဖြစ်တယ်၊ ဒါအပြင်သူတို့က Feedback ပေးတာကလည်း မကောင်းကလည်း မကောင်းဘူး၊ ကျွန်တော်တို့လုပ်နေတဲ့ အာမခံစနစ်က ထွက်နှုန်းပေါ် အခြေခံတဲ့ အာမခံစနစ်ဖြစ်တယ်၊ အထွက်နှုန်းကို စိုက်ပျိုးရေးဦးစီးဌာနကို တောင်းတဲ့အခါမှာလည်း ခက်ခဲသလို၊ မိုးဇလ ကလည်းမရဘူး။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်မလုပ်ဘူး၊ လုပ်လည်းမလုပ်နိုင်ဘူး”ဟုပြောသည်။

တစ်နှစ်ထက် တစ်နှစ် ပိုမိုဖြစ်ပေါ်လာနေသော ရာသီဥတုဖောက်ပြန်မှုများကြောင့် သီးနှံစိုက်ပျိုးမှု၊ ထွက်နှုန်းထိခိုက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့် ထိခိုက်ပျက်စီးမှုများကို ကာကွယ်ရန်အတွက် သီးနှံအာမခံစနစ် ပိုမိုကျယ်ပြန့်လာစေရန် အစိုးရမှလည်း ပိုမိုကူညီဆောင်ရွက်ပေးစေလိုကြောင်း စိုက်ပျိုးတောင်သူများထံကသိရသည်။

**Source:** http://www.mizzimaburmese.com/article/66018

## ကုန်သွယ်ရေး သဘောတူညီချက်များကြောင့် လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံတင်ပို့မှု တိုးလာနိုင်

တရုတ်သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီမှုများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်သို့တင်ပို့မှု တိုးတက်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ "တရုတ်သမ္မတလာတဲ့ကိစ္စက နယ်စပ်ကုန်သွယ် ရေးတို့၊ နှစ်နိုင်ငံ ကုန်သွယ်မှုတို့က တိုးတက်လာမယ့် အနေအထားအများကြီးရှိတယ်။ အဲဒီအတွက်လည်း လက်မှတ်တွေရေးထိုးခဲ့တာပါ။ လက်ရှိတရုတ်နိုင်ငံဘက်ကို လယ်ယာထွက်ကုန်တွေ အဓိကတင်ပို့နေတယ်။ အဲဒီလိုတင်ပို့တဲ့နေရာမှာ အဆင်ပြေချောမွေ့အောင်တော့ နှစ်ဖက်ညှိနှိုင်းရမယ့်ကိစ္စတွေ အများကြီးဆက်လုပ်ရမယ်။ အဲဒီလိုဆက်ဆွေးနွေးရင်းနဲ့ တိုးတက် လာမယ့်အနေအထားဖြစ်လာမယ်"ဟု ၎င်းကပြောသည်။

ဗဟိုအဆင့်ဖြင့် လက်မှတ်ထိုးနိုင်ခဲ့ခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးတင်မကဘဲ ပင်လယ်ရေကြောင်းမှတင်ပို့မှု အပါအဝင် အခြားနှစ်နိုင်ငံ ကုန်သွယ်မှုများ ပိုမိုအဆင်ပြေလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "နိုင်ငံတစ်နိုင်ငံကို တင်ပို့တဲ့အခါမှာ သူ့သတ်မှတ်ချက်တွေတော့ရှိတယ်။ ဥပမာ–ဆန်ပို့တယ်ဆိုရင် ပိုးမွှားနဲ့ပတ်သက်ပြီးတော့ စိုက်မွေးဆည်က နေပြီး လက်မှတ်ထိုးတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ ဆန်တင်ပို့ခွင့်ရတယ်။ သို့သော် လက်ရှိမှာ သူတို့ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီတာက ကုမ္ပဏီ ၁၁ ခုပဲ ရှိသေးတယ်။ ထပ်ပြီးတော့ ကုမ္ပဏီ ၇၈ ခုကို ပို့ထား တာရှိတယ်။ သူတို့ဘက်ကတော့ ဘာမှ အကြောင်းမပြန်သေးဘူး"ဟု ဦးခင်မောင်လွင်က ဆက်လက်ပြောသည်။ တရုတ်သမ္မတ၏ ခရီးစဉ်အတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်မှုနှင့်သက်ဆိုင်သည့် သဘောတူညီမှုများအပါအဝင် သဘောတူ စာချွန်လွှာ ၃၃ စောင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134239.html

## ပြည်နယ်အစိုးရက ဝဥစိုက်တောင်သူများကို တစ်ဧကကျပ် ၁၅ သိန်းထုတ်ချေးမည်ဟုဆို

ချင်းပြည်နယ်အတွင်း ဝဥစိုက်တောင်သူများ စိုက်ပျိုးစရိတ် အရင်းအနှီးအဖြစ်ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ်အစိုးရမှ ယခုနှစ်ဆန်းပိုင်းမှစတင်၍ ဝဥစိုက်မြေ တစ်ဧကလျှင် ကျပ် ၁၅ သိန်းဝန်းကျင် ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူတစ်ဦးကပြောသည်။ ချင်းပြည်နယ်တွင် မြို့နယ်ပေါင်း ကိုးမြို့နယ်ရှိရာ ယင်းကိုးမြို့နယ်မှ ဝဥစိုက်တောင်သူများအတွက် ချင်းပြည်နယ်အစိုးရက ငွေကျပ် သိန်း ၁၅၀၀၀ ထုတ်ချေးနိုင်ရန် ၂၀၁၉ ခုနှစ် ဆောင်းဝင်ကာလမှ စတင်၍ လျှောက်လွှာခေါ်ယူခဲ့ရာ ယခုအခါ လျှောက်လွှာစောင်ရေ ၂၅၀၀ ဝန်းကျင် အထိရရှိထားပြီဖြစ်ကြောင်းသိရသည်။ "မြို့နယ်အလိုက်တက်လာတဲ့ စာရင်းတွေအရ ငွေထုတ်ချေးသွားဖို့ စိစစ်နေပါတယ်။ အခု ဇန်နဝါရီလအတွင်းနဲ့ ဖေဖော်ဝါရီလမှာ အားလုံးပြီးစီးနိုင်ပါတယ်။ နောက်ဆုံးစာရင်း ဘယ်လောက်ရှိမယ် မသိသေးဘူး။ အခု စိုက်ပျိုးစရိတ်ချေးငွေကို ဝဥ စိုက်တောင်သူတွေဘဝ မြှင့်တင်ပေးတဲ့ အနေနဲ့ ဆောင်ရွက်တာဖြစ်သလို သူတို့အနေနဲ့လည်း ဝဥပေါ်ချိန်မှာ သိန်းရာချီရနိုင်တာ ဖြစ်တဲ့အတွက် ဒီကထုတ်ချေးလိုက်တဲ့ငွေဟာ အတိုင်း အတာတစ်ခုအထိ အဆင်ပြေမှုရနိုင်ပါ တယ်"ဟု ၎င်းကပြောသည်။

ချင်းပြည်နယ် ဝဥစိုက်ပျိုးမှုတွင် ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များနှင့် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန် မြို့နယ်

တွင် ဝဥစိုက်ပျိုးမှုများကြောင်းသိရသည်။ ချင်းပြည်နယ် အစိုးရက ဝဥစိုက်ပျိုးသည့် တောင်သူများကို ချေးငွေ ထုတ်ချေးရေး အစီအစဉ်တွင် တစ်မြို့နယ်လျှင် ဧက ၁၀၀ နှုန်း ဖြင့် ချေးငွေချပေးမည်ဖြစ်သော်လည်း တွန်းဇံမြို့နယ်တွင် ဧက ၂၀၀ အတွက် ချေးငွေချပေးမည်ဖြစ်ကြောင်းသိရသည်။ သက်ဆိုင်ရာဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်အတွင်း ဝဥစိုက်ပျိုးမှုမှာ မင်းတပ်မြို့တွင် ဧက ၃၀၀၀ ကျော်၊ မတူပီမြို့တွင် ဧက ၂၀၀၀ ဝန်းကျင်၊ ရေဇွာ မြို့နယ်တွင် ဧက ၁၅၀၀ ဝန်းကျင်၊ တီးတိန်မြို့နယ် တွင် ဧက ၁၀၀၀ ဝန်းကျင်၊ ဟားခါး၊ ထန်တလန်တွင် ဧက ၁၀၀၀ ဝန်းကျင်၊ ဖလမ်းနယ်တွင် ဧက ၁၀၀၀ ဝန်းကျင် တို့တွင် ဝဥစိုက်ပျိုးမှုရှိကြောင်းသိရသည်။

ယခုအခါ ချင်းပြည်နယ်တွင် ဝဥ ကုန်ချောထုတ်လုပ်နိုင်သည့် စက်ရုံများပါ တည်ဆောက်ပြီးဖြစ်သည့်အတွက် ယခုနှစ်မှအစပြု၍ ဝဥကုန် ချောများကို နိုင်ငံရပ်ခြားသို့ တိုက်ရိုက်ရောင်းဝယ်မှုများ စတင်တော့မည်ဖြစ်ကြောင်းသိရသည်။ ယခုရက်ပိုင်း ချင်းပြည်နယ်ထွက် ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁,၀၀၀ မှ ကျပ် ၂,၀၀၀ အထိ အရောင်းအဝယ် ဖြစ်နေပြီး ဝဥကုန်ချောစက်ရုံမှ ထွက် သည့် ဝဥကုန်ချောတစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/134226.html

## တရုတ်တိုင်းရင်းဆေးလုပ်ငန်းစုက ပူးပေါင်းဆောင်ရွက်ရန်ကမ်းလှမ်းထား

ကွမ်တုံး-မကာအို တရုတ်တိုင်းရင်းဆေးသိပ္ပံနှင့်နည်းပညာလုပ်ငန်းစုက မြန်မာနိုင်ငံရှိ တိုင်းရင်းဆေးဖြန့်ဖြူး ရောင်းချသူများနှင့် ချိတ်ဆက်ဆောင်ရွက်လိုသည်ဟု အဆိုပြုထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ထံမှသိရသည်။ မြန်မာနိုင်ငံရှိ တရုတ်တိုင်းရင်းဆေး ဖြန့်ဖြူးရောင်းချသူများ၊ တိုင်းရင်းဆေးပညာရှင်များ၊ အသင်းအဖွဲ့များက တရုတ်နှင့် ချိတ်ဆက်ဆောင်ရွက်လိုပါက ဝန်ကြီးဌာနအောက်ရှိ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ထံသို့ ဆက်သွယ် ဆောင်ရွက် နိုင်ကြောင်း သိရသည်။ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်က ပရဆေးကုန်ကြမ်းများဖြစ်သည့် ကွမ်းသီး၊ ကွမ်းသီးခွံ၊ ကွမ်းစား ဂမုန်း၊ ဆီးဆန်၊ ဆီးခွဲခြမ်း၊ မာလာဥခေါင်း၊ ရွှေးရွက်၊ မာလာဥ၊ နနွင်းတက်၊ သီဟိုဠ်စေ့၊ နေလှည့်စေ့၊ မိကျောင်း ကွမ်းဖတ်စေ့၊ ကြောင်လျှာစေ့၊ ပီလောပီနံ၊ ကြောင်ပန်းစေ့၊ ဖန်ခါးသီးနှင့် ချဉ်ပေါင်ဖာလာတို့ကိုတင်ပို့လျက်ရှိသည်။ လက်ရှိ ဖာလာ၊ ဝဥနှင့် နနွင်းသီးနှံများသည် တရုတ်ဈေးကွက်အပြင် အခြားဈေးကွက်ရှိနိုင်ငံများသို့ ချိတ်ဆက် နိုင်ရေးကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ "တရုတ်ကိုတင်ပို့တဲ့ ပရဆေးကုန်ကြမ်းတွေထဲမှာ မိကျောင်းကွမ်းဖတ်စေ့၊ ဖာလာစေ့၊ ဆီးစေ့အဆန်၊ သီဟိုဠ်စေ့နဲ့ ကွမ်းဖတ်စေ့တွေက ဈေးကောင်းရတယ်။ ဒီအမည်ထဲမှာပါတဲ့ မိကျောင်း ကွမ်းဖတ်စေ့ ဆိုရင် တစ်နှစ်ကို တန်ချိန် ၃၀၀၀ ကျော်လောက်အထိပို့တယ်။ ကျန်တဲ့အမည်တွေက ဈေးနည်းတယ်။

မြန်မာကတင်ပို့တဲ့ ပရဆေးတွေက တရုတ်တိုင်းရင်းဆေးတွေမှာ အဓိကထားထုတ်လုပ်ပြီးတော့ နိုင်ငံတကာကို ပြန်လည်တင်ပို့ကြတယ်။ လက်ရှိနိုင်ငံအတွင်းမှာ ပရဆေးဖော်စပ်ဖို့လိုအပ်နေတဲ့ တောင်လုံးကျော်ဆေးကိုတော့ အိန္ဒိယကနေ နှစ်တန်၊ သုံးတန်ကနေ ခြောက်တန်လောက်အထိ တင်သွင်းတယ်"ဟု မန္တလေး-မူဆယ်ရှိ ပရဆေးကုန်သည်တစ်ဦးဖြစ်သူ ကိုမြတ်လင်းကပြောသည်။ ပြည်တွင်း သုံးစွဲမှုများပြားသည့် တောင်လုံးကျော်ဆေးပင်ကို ပြည်ပကနှစ်စဉ်တင်သွင်းနေရ၍ သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များနှင့်အညီ တိုးချဲ့စိုက်ပျိုးရန် လိုအပ်နေကြောင်းသိရသည်။ အဆိုပါအပင်သည် ရန်ကုန်နှင့်ပဲခူးတိုင်းဒေသကြီးတို့တွင် အလေ့ကျပေါက်ရောက်ကြောင်းသိရသည်။ ပရဆေးကုန်ကြမ်းများကို မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၊ ချင်းရွှေဟော်စခန်းနှင့်ရိဒ်နယ်စပ်စခန်းများက အဓိက တင်ပို့၊ တင်သွင်းကြောင်းသိရသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းဆေးဆရာပေါင်း ၇၀၀၀ကျော်ရှိပြီး ကျေးလက်ဒေသများတွင် တိုင်းရင်းဆေးဝါးကို အားထား သုံးစွဲလျက်ရှိသည်။ တရုတ်နိုင်ငံ၊ မကာအိုအထူးအုပ်ချုပ်ရေးဒေသတွင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး စီးပွားရေး အသင်းအဖွဲ့ ၁၅ ဖွဲ့က အောက်တိုဘာ ၁၇ ရက်နှင့် ၁၉ ရက်အထိကျင်းပခဲ့သည့် တိုင်းရင်းဆေးနှင့်ပတ်သက်သည့် ဆွေးနွေးပွဲ တွင် မြန်မာက ပါဝင်တက်ရောက်ခဲ့ကြောင်းသိရသည်။ ကွမ်တုံး-မကာအို တရုတ်တိုင်းရင်းဆေးသိပ္ပံနှင့် နည်းပညာလုပ်ငန်းစု သည် ထိုင်းနိုင်ငံနှင့်ပူးပေါင်းပြီးလည်း ကျန်းမာရေးစောင့်ရှောက်မှုနှင့် တိုင်းရင်းဆေးများဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက် ရှိကြောင်းသိရသည်။

**Source:**မြန်မာတောင်သူကြီးများဂျာနယ်,http://htwettoe.com/article-details/news/8653781?fbclid=IwAR2Uww1a9aCW6otQhrVuGRbxlPJ06mokkKlQaNq49miEu1C7ua_UbSHV85Q

## အစ္စရေးကုမ္ပဏီ ၁၃ ခု မြန်မာ့စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူဆောင်ရွက်လိုဟုဆို

အစ္စရေးနိုင်ငံမှ ကုမ္ပဏီ ၁၃ ခုက မြန်မာ့စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူမိတ်ဖက်ဆောင်ရွက်လိုကြောင်း အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ဆက်သွယ်လာ၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံလုပ်ငန်းရှင်များသိရှိစေရန် ဇန်နဝါရီ ၂၁ ရက်တွင် အသိပေးထုတ်ပြန်သည်။ အစ္စရေးကုန်သည်ကြီးများအသင်းချုပ် (Federation of Israeli Chambers of Commerce – FICC) ၏ အသင်းဝင်အစ္စရေးကုမ္ပဏီ ၁၃ ခုသည် ပြည်ပရှိ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူမိတ်ဖက်ဆောင်ရွက်လိုပြီး အဆိုပြုချက်များကို မြန်မာနိုင်ငံရှိ စီးပွားရေးအသိုက်အဝန်းထံအကြောင်းကြားပေးပါရန် FICC က အစ္စရေးနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ မေတ္တာရပ်ခံလာခဲ့ခြင်းဖြစ်သည်။

အဆိုပါ ကုမ္ပဏီများမှာ အဆင်မြင့်နည်းပညာကုမ္ပဏီများ၊ အစားအသောက်နှင့်ဆေးဝါးကုမ္ပဏီများ၊ မော်တော်ယာဉ်ထုတ်လုပ်သည့်ကုမ္ပဏီများ၊ စီးပွားရေးနှင့်ဥပဒေဆိုင်ရာအကြံပေးကုမ္ပဏီများ၊ နို့ထွက်ပစ္စည်းထုတ်လုပ်ဖြန့်ဖြူးရောင်းချရေးကုမ္ပဏီများနှင့် အခြားကုမ္ပဏီများ ပါဝင်ကြောင်းသိရသည်။ ထိုကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိကြသည့် မြန်မာလုပ်ငန်းရှင်များအနေဖြင့် အဆိုပြု ကုမ္ပဏီများ၏ အသေးစိတ်အချက်အလက်များကို ၎င်းတို့၏ တရားဝင်ဝက်ဘ်ဆိုက်၌ ဝင်ရောက်ဖတ်ရှုနိုင်ကြောင်းသိရသည်။ ထို့ပြင် FICC ၏ ပြည်ပဆက်သွယ်ရေးတာဝန်ခံ Ms. Yonat Keren, International Relations Division, (Tel: 972-3-5631020, email: yonatk @chamber.org.il) ထံသို့ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

**Source:** https://myanmar.mmtimes.com/news/134236.html

## ယခုနှစ်တွင် လျှပ်စစ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုခွင့်ပြုသွားမည်

**ယခုနှစ်အတွင်းခွင့်ပြုမည့်ရင်းနှီးမြှုပ်နှံမှုများအနက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရောင်းချမည့်လုပ်ငန်းအများစုကို ခွင့်ပြုသွားဖွယ်ရှိနေသည်ဟု မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန DICA ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောသည်။** "လျှပ်စစ်ကဏ္ဍမှာဆိုရင် လက်ရှိအချိန်အထိဟာ ဟောင်ကောင်က အများဆုံးရင်းနှီးမြှုပ်နှံထားတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်တွေကတည်းက လျှပ်စစ်ကဏ္ဍကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နေတာတွေဟာ ဒီနှစ်မတ်လဟာ အဆုံးအဖြတ်ပေးမှာပါလို့ လျှပ်စစ်ပြည်ထောင်စုဝန်ကြီးက ပြောထားတာရှိတယ်။ DICA မှာလည်း လျှပ်စစ်ကဏ္ဍနဲ့ပတ်သက်ပြီး လုပ်ချင်လို့တန်းစီနေတာတွေရှိနေပါတယ်။ ဒီအခြေအနေတွေကြောင့် တကယ်နှစ်ကုန်တဲ့အခါမှာတော့ လျှပ်စစ်ကဏ္ဍဟာ ဟောင်ကောင်တစ်ခုတည်း မဟုတ်လောက်တော့ဘဲ ရင်းနှီးမြှုပ်နှံသူအများစု ဖြစ်လာနိုင်ပါတယ်"ဟု ညွှန်ကြားရေးမချုပ်ကပြောသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်MIC သည် ယခု ၂၀၂၀ ပြည့်နှစ်အတွက် ရင်းနှီးမြှုပ်နှံမှုအတည်ပြုခြင်းနှင့် ခွင့်ပြုခြင်းများကို ဇန်နဝါရီ ၁၀ ရက်က ပထမဆုံးအစည်းအဝေးအဖြစ်ဆောင်ရွက်ခဲ့သည်။ ယင်းအစည်းအဝေးတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းလေးခုကိုခွင့်ပြုခဲ့ပြီး၊ တိုင်းဒေသနှင့်ပြည်နယ်များမှခွင့်ပြုသည့် လုပ်ငန်း ၁၇ ခုကို အတည်ပြုခဲ့သည်။ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၁ ခုအနက် လျှပ်စစ်ကဏ္ဍတစ်ခု၊ အိမ်ရာအဆောက်အအုံကဏ္ဍမှ တစ်ခု၊အခြားဝန်ဆောင်မှုကဏ္ဍမှတစ်ခု၊ ဟိုတယ်ခရီးကဏ္ဍမှ တစ်ခု၊ စက်မှုကဏ္ဍမှ ၁၇ ခုကို ခွင့်ပြုပေးထားခဲ့သည်။ လျှပ်စစ်ကဏ္ဍတွင် ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် ဟောင်ကောင်အခြေစိုက် တရုတ်ကုမ္ပဏီ တစ်ခုဖြစ်သည့် CNTIC V Power ကုမ္ပဏီလီမိတက်က Kyauk Phyu Electric Power ကုမ္ပဏီအမည်ဖြင့် ကျောက်ဖြူမြို့နယ်၊ ဂုံးချိန်ကျေးရွာအုပ်စု၊ ဂုံးချိန်ကွင်းကျေးရွာ ကွင်းအမှတ် (၄၅၂) တွင် ဝင်ရောက်လုပ်ကိုင်ခြင်းကို ခွင့်ပြုပေးခဲ့သည်ဟု ညွှန်ကြားရေးမှူးချုပ်ကပြောသည်။

Kyauk Phyu Electric Power ကုမ္ပဏီသည် သဘာဝဓာတ်ငွေ့ LNG နှင့် စွန့်ပစ်အပူသုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ၁၃၅ မဂ္ဂါဝပ်ထွက်ရှိမည့် စီမံကိန်းတစ်ခုဖြစ်သည်။ ရာနှုန်းပြည့် နိုင်ငံခြား

ရင်းနှီးမြှုပ်နှံမှုဖြင့် ကန်ဒေါ်လာ သန်း ၁၄၀ ရင်းနှီးမြှုပ်နှံသွားမည့် စီမံကိန်းဖြစ်သည်ဟုလည်း ၎င်းကပြောသည်။ "ဒီစီမံကိန်းက ထွက်ရှိတဲ့လျှပ်စစ် ရဲ့ ၂၀ ရာခိုင်နှုန်းကို ကျောက်ဖြူဒေသမှာပေးမှာဖြစ်ပြီးတော့ ၈၀ ရာခိုင်နှုန်းကိုတော့ အမျိုးသားဓာတ်အား လိုင်းထဲကို ထည့်သွင်းရောင်းချတဲ့ပုံစံနဲ့ လုပ်မှာပါ"ဟု ဦးသန့်စင်လွင်က ပြောသည်။ CNTIC V Power ကုမ္ပဏီလီမိတက်သည် ယခုကဲ့သို့ လျှပ်စစ်စီမံကိန်းကို ဝင်ရောက်မြှုပ်နှံခြင်းသည် မြန်မာနိုင်ငံတွင် လေးခုမြောက် စီမံကိန်းဖြစ်သည်။ ပထမဆုံး ရင်းနှီးမြှုပ်နှံခြင်းကို မန္တလေးတိုင်း၊ တောင်သာမြို့၊ စကားကျေးရွာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် အမှတ် (၁) သံမဏိစက်ရုံအနီးရှိ မြေ ရှစ်ဧကအပေါ်တွင် လုပ်ကိုင်ခဲ့သည်။ သဘာဝဓာတ်ငွေ့LNGကို အသုံးပြုကာ လျှပ်စစ် ၉၀ မဂ္ဂါဝပ်ထွက်ရှိမည့် ဓာတ်အားပေး စက်ရုံအဖြစ် ကန်ဒေါ်လာ ၆၅ သန်း ရင်းနှီးမြှုပ်နှံခဲ့သည်။

ဒုတိယစီမံကိန်းကိုမူ ကျောက်ဆည်မြို့တွင် ၁၄၅ မဂ္ဂါဝပ်ထွက်ရှိသည့် သဘာဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအဖြစ် ပြည်တွင်းကုမ္ပဏီတစ်ခုနှင့်ဖက်စပ်ကုမ္ပဏီအဖြစ် ရင်းနှီးမြှုပ်နှံထားသည်။ ၎င်းစီမံကိန်းသည် ဖက်စပ်ဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှုပမာဏကိုမူ DICA က ထုတ်ဖော်ပြောခြင်းမရှိခဲ့ပေ။ တတိယမြောက် ရင်းနှီးမြှုပ်နှံမှုကိုမူ သာကေတမြို့နယ်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပိုင် သာကေတဓာတ်အားပေးစက်ရုံ မြေဧက ၄၀ ပေါ်တွင် ဝင်ရောက်ရင်းနှီးမြှုပ်နှံထားခြင်း ဖြစ်သည်။ လျှပ်စစ် ၄၀၀ မဂ္ဂါဝပ်ထွက်ရှိမည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံအဖြစ် ကန်ဒေါ်လာ ၃၆၃ သန်း ရင်းနှီးကာ လုပ်ကိုင်နေသည်။

လျှပ်စစ်ကဏ္ဍတွင် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်မှု သည် ၂၀၁၈ ခုနှစ် ခြောက်လဘတ်ဂျက်နှင့် ၂၀၁၈•၁၉ ဘဏ္ဍာနှစ် နှစ်နှစ်တာကာလတွင် ကန်ဒေါ်လာ ၁၈၅ ဒသမ ၉၆ သန်းသာ ရှိခဲ့သည်။ လက်ရှိ ၂၀၁၉•၂၀ ဘဏ္ဍာနှစ် လေးလတာကာလတွင်မူ လျှပ်စစ်စီမံကိန်းလုပ်ငန်းလေးခုက စုစုပေါင်း ကန်ဒေါ်လာ ၆၇၈ ဒသမ ၅၇၅ သန်းကို ဝင်ရောက်မြှုပ်နှံထားသည်။ ၎င်းလေးလတာ ဝင်ရောက်သည့်ပမာဏသည် ၂၀–၁၈ ဧပြီလမှ ၂၀၁၉ စက်တင်ဘာလအထိ ၁၈ လတာ ကာလအတွင်း ဝင်ရောက်ခဲ့သည့် ပမာဏထက်သုံးဆနီးပါးပိုမိုနေသည်။

**Source:** https://myanmar.mmtimes.com/news/134267.html

## မွန်ပြည်နယ်ထွက် ရော်ဘာ၊ ဆန်၊ ပဲ၊ ဥယျာဉ်ခြံထွက်သီးနှံနှင့် ဆားစတင်ရောင်းဝယ်သည့် မော်လမြိုင်ကုန်စည်ဒိုင်ဖွင့်လှစ်ပြီး ရေထွက်ပစ္စည်းများကိုပါ တိုးချဲ့ဆောင်ရွက်ရန် ဝန်ကြီးချုပ်ပြောကြား



မွန်ပြည်နယ်စိုက်ပျိုးရေးကို အခြေခံသည့် ရော်ဘာ၊ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဆား၊ ဥယျာဉ်ခြံထွက်သီးနှံအမည်များကို စတင်ရောင်းဝယ်သည့် မော်လမြိုင်ကုန်စည်ဒိုင်ဖွင့်လှစ်ပြီးဖြစ်ရာ ဒေသထွက် ရေလုပ်ငန်းအမည်များကိုလည်း ဈေးကွက်ချိတ်ဆက်ရရှိရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ဇန်နဝါရီ ၂၁ ရက် ဖွင့်လှစ်သော မော်လမြိုင်ကုန်စည်ဒိုင်ဖွင့်လှစ်စတင်ရောင်းချခြင်း အခမ်းအနား အဖွင့်မိန့်ခွန်း၌ ထည့်သွင်းပြောကြားသည်။ “စိုက်ပျိုးထုတ်လုပ်သူများအနေနဲ့ မိမိကုန်စည်များကို ဝယ်ယူသူနှင့် တိုက်ရိုက်ရောင်းချနိုင်တော့မယ့် မော်လမြိုင်ကုန်စည်ဒိုင်ကို စတင်ဖွင့်လှစ်နိုင်ခြင်းအားဖြင့် ဝမ်းမြောက်စွာအသိအမှတ်ပြုပါကြောင်း၊ ပြောလိုပါတယ်။ ယနေ့ကုန်စည်ဒိုင်မှာ စတင်ရောင်းဝယ်သည့် အမယ်များအနေဖြင့် ရော်ဘာ၊ ဆန်စပါး၊ ပဲအမျိုးမျိုး၊ ဆားနှင့် ဥယျာဉ်ခြံထွက် သီးနှံအမယ်များကို စတင်ရောင်းချမယ်လို့သိရပြီး ဒါအပြင်ဒေသထွက် အခြားထုတ်ကုန်များ၊ ဥပမာ ရေတွက်ကုန်ပစ္စည်းကဲ့သို့ အမယ်များကိုလည်း ဈေးကွက်ချိတ်ဆက်ရရှိနိုင်ရေး တိုးချဲ့ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းပေးစေလိုပါတယ်”ဟု ဝန်ကြီးချုပ် ဒေါက်တာအေးဇံကတိုက်တွန်းပြောကြားသည်။

မော်လမြိုင်ကုန်စည်ဒိုင် ရေရှည်ဖွံ့ဖြိုးရေးအသင်းအနေဖြင့် အခြားသော ကုန်စည်ဒိုင်များနှင့်ချိတ်ဆက်ကာ ဈေးကွက်သတင်း (ပြည်ပ/ပြည်တွင်း)ကို စုစည်းထုတ်ပြန်ခြင်း၊ အမြတ်အစွန်း အဓိကရရှိရေးကိုမကြည့်ဘဲ ပြင်ပဆိုးကျိုး မဖြစ်ပေါ်ရေး၊

ခိုင်မာသောဈေးကွက်ယန္တရားဖြစ်စေရန် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကုန်စည်ဒိုင်တွင်ရောင်းဝယ်ခြင်းဖြင့် ငွေကြေးကိစ္စအပါအဝင် အခြားအငြင်းပွားမှုကိုညှိနှိုင်းဖြေရှင်းနိုင်ပြီး မွန်ပြည်နယ်၏ ရောင်းဝယ်မှု ဗဟိုစင်တာတစ်ခုဖြစ်ပေါ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် ဝန်ကြီးချုပ်ဒေါက်တာအေးဇံက တိုက်တွန်း ပြောကြားသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင် (စားသုံးသူရေးရာဦးစီးဌာန စီးပွားရေးနှင့် ကူသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန)က ကုန်စည်ဒိုင်များ၏ စည်းကမ်းများနှင့်အညီ ရောင်းဝယ်ရေးနှင့် လာမည့်မတ်လတွင် အသက် ဝင်မည့် ထုတ်ကုန်အမှတ်တံဆိပ်၊ ညွှန်ကြားချက်များအတိုင်း လိုက်နာအကောင်အထည်ဖော်နိုင်ရေးအတွက် တက်ရောက် လာသော ဒေသခံလုပ်ငန်းရှင်များကို အသိပေးမှာကြားခဲ့သည်။ “ကုန်စည်ဒိုင်ဖွင့်လှစ်ရောင်းချခြင်းဖြင့် ဒေသထွက်ကုန် ပစ္စည်းတွေရောင်းဝယ်လို့ရတယ်။ အလုပ်အကိုင်အခွင့်လမ်းတွေတိုးလာမယ်။ ဒေသထွက်ပစ္စည်းများကို တစ်နေရာတည်း အများကြီးဝယ်လို့ရတဲ့နေရာဖြစ်လာတယ်။ ကုန်သည်တွေအများရှိတဲ့အတွက် ရောင်းဝယ်တဲ့နေရာမှာ အာမခံချက် ရှိပါတယ်”ဟု မော်လမြိုင်ကုန်စည်ဒိုင် အလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်မျိုးဦးကပြောကြားသည်။ “ရော်ဘာတွေကို အများစုပြီး တစ်နေရာတည်းရောင်းဝယ်နိုင်ဖို့ စုစည်းလုပ်ဆောင်နိုင်တဲ့အတွက် အခြေအနေကောင်းတွေဆက်ပြီး လုပ်ဆောင်လို့ရပါပြီ။ ဈေးကောင်းဖို့က ကိုယ့်ပစ္စည်းအရည်အသွေးကောင်းအောင် လုပ်ဖို့ပဲလိုပါတယ်”ဟု နိုင်ကျန်ရစ်(ဥက္ကဋ္ဌ၊ မွန်ပြည်နယ် ရော်ဘာ လုပ်ငန်းရှင်များအသင်း)က ပြောကြားသည်။

ကုန်စည်ဒိုင်ဖွင့်ပွဲတွင် မွန်ပြည်နယ် ဆန်စက်လုပ်ငန်းရှင်များအသင်းနှင့် မလေးရှားနိုင်ငံ KMCC – Commodity Trading SDN BHD ၊ Southern Myanmar Company နှင့် သန့်စင်မှိုင်းခံရော်ဘာစက်ရုံများအဖွဲ့၊ ထက်လှိုင်းကုမ္ပဏီနှင့်သန့်စင်မှိုင်းခံ ရော်ဘာစက်ရုံများအဖွဲ့၊ သုံးခုတို့က ရောင်းဝယ်မှု စာချွန်လွှာလက်မှတ်ထိုး စာချုပ်ချုပ်ဆိုခဲ့ကြောင်းသိရသည်။ မော်လမြိုင် ကုန်စည်ဒိုင်ကို ဈေးကြို အဝေးပြေးကွင်းအတွင်း၂၀၁၄ ခုနှစ်ကတည်းက ဆောက်ဖွင့်လှစ်၍ ၂၀၁၉ ခုနှစ်တွင် မွန်ပြည်နည် ကုန်သည်၊ စက်မှုအသင်းကြီးကဦးဆောင်၍ NEI ၏ အကူအညီနှင့် အခြားတိုင်းဒေသ ကုန်စည်ဒိုင်၊ တရုတ်ပြည်သို့လေ့လာကာ ဌာန၏ အကူအညီဖြင့် ရော်ဘာ၊ ဆန် စပါး၊ ပဲမျိုးစုံ၊ ဝဥ၊ မွေးမြူရေးထွက်ပစ္စည်း၊ ဥယျာဉ်ခြံထွက်သီးနှံ၊ ရေလုပ်ငန်းဆား၊ ငါးခြောက်မျိုးစုံ၊ တိုင်းရင်းဖြစ် မွန်အထည်မျိုးစုံ တို့ကို တစ်နေရာတည်းစုစည်းရောင်းချမှုကို ဇန်နဝါရီ ၂၁ ရက်မှစတင်ပြီး နေ့စဉ် နံနက် ၉ နာရီမှ ၁၂ နာရီထိ (တနင်္ဂနွေနေ့မပါ) ကုန်စည်ဒိုင်ဝက်ဘ်ဆိုက်ထောင်ကုန်ဈေးနှုန်းကို ထုတ်ပြန်မည်ဖြစ်ကြောင်းသိရ သည်။

**Source:** https://news-eleven.com/article/155809

## ကုန်သွယ်ရေး သဘောတူညီချက်များကြောင့် လယ်ယာထွက်ကုန်များ တရုတ်နိုင်ငံတင်ပို့မှုတိုးလာနိုင်



တရုတ်သမ္မတရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် နှစ်နိုင်ငံကုန်သွယ်မှု သဘောတူညီမှုများကြောင့် မြန်မာ့လယ်ယာထွက်ကုန်များ တရုတ်သို့တင်ပို့မှု တိုးတက်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ "တရုတ်သမ္မတလာတဲ့ကိစ္စက နယ်စပ်ကုန်သွယ်ရေးတို့၊ နှစ်နိုင်ငံ ကုန်သွယ်မှုတို့က တိုးတက်လာမယ့်အနေအထားအများကြီးရှိတယ်။ အဲဒီအတွက်လည်း လက်မှတ်တွေရေးထိုးခဲ့တာပါ။ လက်ရှိတရုတ်နိုင်ငံဘက်ကို လယ်ယာထွက်ကုန်တွေ အဓိကတင်ပို့နေတယ်။ အဲဒီလိုတင်ပို့တဲ့နေရာမှာ အဆင်ပြေ ချောမွေ့အောင်တော့ နှစ်ဖက်ညှိနှိုင်းရမယ့်ကိစ္စတွေ အများကြီးဆက်လုပ်ရမယ်။ အဲဒီလို ဆက်ဆွေးနွေးရင်းနဲ့ တိုးတက်လာမယ့် အနေအထားဖြစ်လာမယ်"ဟု ၎င်းကပြောသည်။

ဗဟိုအဆင့်ဖြင့် လက်မှတ်ထိုးနိုင်ခဲ့ခြင်းကြောင့် နယ်စပ်ကုန်သွယ်ရေးတင်မကဘဲ ပင်လယ်ရေကြောင်းမှ တင်ပို့မှုအပါအဝင် အခြားနှစ်နိုင်ငံ ကုန်သွယ်မှုများ ပိုမိုအဆင်ပြေလာနိုင်ကြောင်း ၎င်းကဆက်လက်ပြောသည်။ "နိုင်ငံတစ်နိုင်ငံကို တင်ပို့တဲ့

အခါမှာ သူ့သတ်မှတ်ချက်တွေတော့ရှိတယ်။ ဥပမာ–ဆန်ပို့တယ်ဆိုရင် ပိုးမွှားနဲ့ပတ်သက်ပြီးတော့ စိုက်မွေးဆည်ကနေပြီး လက်မှတ်ထိုးတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ ဆန်တင်ပို့ခွင့်ရတယ်။ သို့သော် လက်ရှိမှာ သူတို့သတ်မှတ်ချက်တွေနဲ့ကိုက်ညီတာက ကုမ္ပဏီ ၁၁ ခုပဲ ရှိသေးတယ်။ ထပ်ပြီးတော့ ကုမ္ပဏီ ၇၈ ခုကို ပို့ထားတာရှိတယ်။ သူတို့ဘက်ကတော့ ဘာမှအကြောင်း မပြန်သေးဘူး"ဟု ဦးခင်မောင်လွင်က ဆက်လက်ပြောသည်။ တရုတ်သမ္မတ၏ ခရီးစဉ်အတွင်း မြန်မာ–တရုတ် နှစ်နိုင်ငံခေါင်းဆောင်များတွေ့ဆုံကာ နှစ်နိုင်ငံကုန်သွယ်မှုနှင့်သက်ဆိုင်သည့် သဘောတူညီမှုများအပါအဝင် သဘောတူစာချွန်လွှာ ၃၃ စောင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/134239.html

## ပြည်နယ်အစိုးရက ဝဥစိုက်တောင်သူများကို တစ်ဧကကျပ် ၁၅ သိန်းထုတ်ချေးမည်ဟုဆို



ချင်းပြည်နယ်အတွင်း ဝဥစိုက်တောင်သူများ စိုက်ပျိုးစရိတ် အရင်းအနှီးအဖြစ် ဆောင်ရွက်နိုင်ရန် ချင်းပြည်နယ်အစိုးရမှ ယခုနှစ်ဆန်းပိုင်းမှ စတင်၍ ဝဥစိုက်မြေ တစ်ဧကလျှင် ကျပ် ၁၅ သိန်းဝန်းကျင် ထုတ်ချေးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူတစ်ဦးကပြောသည်။ ချင်းပြည်နယ်တွင် မြို့နယ်ပေါင်း ကိုးမြို့နယ်ရှိရာ ယင်းကိုးမြို့နယ်မှ ဝဥစိုက်တောင်သူများအတွက် ချင်းပြည်နယ်အစိုးရက ငွေကျပ် သိန်း ၁၅၀၀၀ ထုတ်ချေးနိုင်ရန် ၂၀၁၉ ခုနှစ် ဆောင်းဝင်ကာလမှစတင်၍ လျှောက်လွှာခေါ်ယူခဲ့ရာ ယခုအခါ လျှောက်လွှာစောင်ရေ ၂၅၀၀ ဝန်းကျင် အထိရရှိထားပြီဖြစ်ကြောင်းသိရသည်။ "မြို့နယ်အလိုက် တက်လာတဲ့ စာရင်းတွေအရ ငွေထုတ်ချေးသွားဖို့ စိစစ်နေပါတယ်။ အခု ဇန်နဝါရီလ အတွင်းနဲ့ ဖေဖော်ဝါရီလမှာ အားလုံး ပြီးစီးနိုင်ပါတယ်။ နောက်ဆုံးစာရင်း ဘယ်လောက်ရှိမယ် မသိသေးဘူး။ အခု စိုက်ပျိုးစရိတ်ချေးငွေကို ဝဥစိုက်တောင်သူတွေဘဝ မြှင့်တင်ပေးတဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်သလို သူတို့အနေနဲ့လည်း ဝဥပေါ်ချိန်မှာ သိန်းရာချီရနိုင်တာ ဖြစ်တဲ့အတွက် ဒီကထုတ်ချေးလိုက်တဲ့ငွေဟာ အတိုင်း အတာတစ်ခုအထိ အဆင်ပြေမှုရနိုင်ပါတယ်"ဟု ၎င်းကပြောသည်။

ချင်းပြည်နယ် ဝဥစိုက်ပျိုးမှုတွင် ကန်ပက်လက်၊ မင်းတပ်၊ မတူပီမြို့နယ်များနှင့် ချင်းပြည်နယ်မြောက်ပိုင်း တီးတိန်မြို့နယ်တွင် ဝဥစိုက်ပျိုးမှုများကြောင်းသိရသည်။ ချင်းပြည်နယ်အစိုးရက ဝဥစိုက်ပျိုးသည့် တောင်သူများကို ချေးငွေထုတ်ချေးရေး အစီအစဉ် တွင် တစ်မြို့နယ်လျှင် ဧက ၁၀၀ နှုန်းဖြင့် ချေးငွေချပေးမည် ဖြစ်သော်လည်း တွန်းဇံမြို့နယ်တွင် ဧက ၂၀၀ အတွက် ချေးငွေချပေးမည်ဖြစ်ကြောင်းသိရသည်။ သက်ဆိုင်ရာဌာနမှ ထုတ်ပြန်သည့် စာရင်းဇယားများအရ ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ချင်းပြည်နယ်အတွင်း ဝဥစိုက်ပျိုးမှုမှာ မင်းတပ်မြို့တွင် ဧက ၃၀၀၀ ကျော်၊ မတူပီမြို့တွင် ဧက ၂၀၀၀ ဝန်းကျင်၊ ရေဇွာမြို့နယ်တွင် ဧက ၁၅၀၀ ဝန်းကျင်၊ တီးတိန်မြို့နယ် တွင် ဧက ၁၀၀၀ ဝန်းကျင်၊ ဟားခါး၊ ထန်တလန်တွင် ဧက ၁၀၀၀ ဝန်းကျင်၊ ဖလမ်းနယ်တွင် ဧက ၁၀၀၀ ဝန်းကျင်တို့တွင် ဝဥစိုက်ပျိုးမှုရှိကြောင်းသိရသည်။

ယခုအခါ ချင်းပြည်နယ်တွင် ဝဥကုန်ချောထုတ်လုပ်နိုင်သည့် စက်ရုံများပါတည်ဆောက်ပြီးဖြစ်သည့်အတွက် ယခုနှစ်မှ အစပြု၍ ဝဥကုန်ချောများကို နိုင်ငံရပ်ခြားသို့ တိုက်ရိုက်ရောင်းဝယ်မှုများ စတင်တော့မည်ဖြစ်ကြောင်းသိရသည်။ ယခုရက်ပိုင်း ချင်းပြည်နယ်ထွက် ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ကျပ် ၂၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေပြီး ဝဥကုန်ချောစက်ရုံမှ ထွက်သည့် ဝဥကုန်ချောတစ်ပိဿာလျှင် ကျပ် ၉၀၀၀ မှ ကျပ် ၁၅၀၀၀ အထိ အရောင်းအဝယ်ဖြစ်ကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/134226.html

## အီးယူနှင့် WTO အဖွဲ့ဝင် (၁၆) နိုင်ငံတို့အကြား ကြားဖြတ် အယူခံစီရင်ဆုံးဖြတ်မှုအစီအမံအတွက် ပူးပေါင်းဆောင်ရွက်ရန်သဘောတူညီမှုရရှိခဲ့

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံများအတွက် အငြင်းပွားမှုဖြေရှင်းရေးစနစ်၏ လုပ်ငန်းရပ်များကို ဆက်လက်

လုပ်ဆောင်နိုင်စေရန် နိုင်ငံအများပါဝင်သည့် ကြားဖြတ်အယူခံအဖွဲ့ စီရင်ဆုံးဖြတ်မှုဆိုင်ရာ အစီအမံကိုဆောင်ရွက်ရန် ၂၄.၁.၂၀၂၀ ရက်နေ့က ဆွစ်ဇာလန်နိုင်ငံ၊ ဒါဗိုစ်မြို့တွင် အီးယူနှင့်ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် (၁၆)နိုင်ငံတို့အကြား သဘောတူညီမှုရရှိခဲ့ကြောင်း၊ အဆိုပါအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလလယ်တွင် အီးယူမှ ဦးဆောင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ကတည်းက အယူခံအဖွဲ့ဝင်သစ်ခန့်အပ်ရေး ပိတ်ဆို့ထားမှုကြောင့် WTO အယူခံအဖွဲ့၏ လုပ်ငန်းများ တုံ့ဆိုင်းနေရခြင်းကို ဖြေရှင်းနိုင်ရန် WTO အဖွဲ့ဝင်နိုင်ငံများက လိုက်ပါဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။ ယခု ထုတ်ပြန်ချက်သည် အီးယူနှင့်ပါဝင်ဆောင်ရွက်သည့် WTO အဖွဲ့ဝင်နိုင်ငံများအနေဖြင့် နိုင်ငံတကာကုန်သွယ်မှုကိစ္စရပ်များတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အဆင့်နှစ်ဆင့်ဖြင့် အငြင်းပွားမှုဖြေရှင်းသည့်စနစ်အား ဆက်လက်ထိန်းသိမ်းထားလိုသည့် သဘောထား၏အရေးပါမှုကို သက်သေပြသခြင်းဖြစ်ပါကြောင်း၊ နိုင်ငံအများပါဝင်သည့် အယူခံအဖွဲ့စီရင်ဆုံးဖြတ်မှုဆိုင်ရာ အစီအမံသည် စည်းနှောင်မှုရှိပြီး၊ ဘက်မလိုက်သည့် အရည်အသွေးမြင့်မားသော အငြင်းပွားမှုဖြေရှင်းရေးစနစ်ကို ပါဝင်ဆောင်ရွက်သည့် နိုင်ငံများအကြား ဆက်လက်ရရှိစေရေး အာမခံချက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ အယူခံအဖွဲ့လုပ်ငန်းများတုံ့ဆိုင်းနေမှုကြောင့် ယခုဆောင်ရွက်မှုသည် လိုအပ်သည့် အရေးပေါ်အစီအမံတစ်ရပ်ဖြစ်ပါကြောင်း၊ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများနှင့် ဖြစ်ပေါ်တိုးတက်မှုများအပါအဝင် အယူခံအဖွဲ့အကျပ်အတည်းအပေါ် ရေရှည်ဖြေရှင်းချက်တစ်ရပ်ရရှိရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အီးယူ၏ကုန်သွယ်ရေး ကော်မရှင်နာဖြစ်သူ Phil Hogan ကပြောကြားခဲ့ကြောင်း သိရှိရပါသည်။ အဆိုပါနိုင်ငံအများပါဝင်သည့် ကြားဖြတ်အစီအစဉ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အငြင်းပွားမှု ဖြေရှင်းရေးသဘောတူညီချက် (WTO Settlement Understanding-DSU)၏ ပုဒ်မ ၂၅ အပေါ် အခြေခံ၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ၎င်းအစီအစဉ်သည် ပါဝင်ဆောင်ရွက်သည့် ဩစတြေးလျ၊ ဘရာဇီးလ်၊ ကနေဒါ၊ တရုတ်၊ ချီလီ၊ ကိုလံဘီယာ၊ ကော်စတာရီကာ၊ ဥရောပသမဂ္ဂ၊ ဂွါတီမာလာ၊ ကိုရီးယားသမ္မတနိုင်ငံ၊ မက္ကဆီကို၊ နယူးဇီလန်၊ နော်ဝေ၊ ပနားမား၊ စင်ကာပူ၊ ဆွစ်ဇာလန်နှင့် ဥရုဂွေးစသည့်နိုင်ငံများအကြား ကုန်သွယ်ရေးအငြင်းပွားမှုများဖြစ်ပေါ်လာပါက ထိရောက်၍ စည်းနှောင်မှုရှိသော အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဉ်ကိုသေချာစေလိမ့်မည်ဖြစ်ကြောင်း၊ ယင်းအစီအမံသည် ကြားဖြတ်စီမံဆောင်ရွက်မှုတစ်ရပ်ဖြစ်ပြီး၊ WTO ၏ အယူခံအဖွဲ့ပြန်လည်၍ လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်သည့်အချိန်အထိသာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ လွတ်လပ်မှုရှိပြီး၊ ဘက်မလိုက်သည့် အယူခံအဆင့်လုပ်ငန်းဆောင်ရွက်မှုသည် အရည်အသွေး အမြင့်မားဆုံး စည်းမျဉ်းစည်းကမ်းများ၏ အာမခံမှုကိုပေးစွမ်းထားခြင်းဖြစ်ကြောင်းနှင့် ယင်းကိုကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အငြင်းပွားမှုဖြေရှင်းရေးစနစ်၏အရေးပါသော သွင်ပြင်လက္ခဏာရပ်များအနက် တစ်ခုဖြစ်စေရေး ဆက်လက်ဆောင်ရွက်သွားရမည်ဟု အီးယူအနေဖြင့် ယုံကြည်ထားကြောင်းလည်းသိရှိရပါသည်။

**စီးပွားရေးသံမှူး-ဘရပ်ဆဲလ် (ဥရောပ)**

## အမေရိကန်နှင့်တရုတ်ပထမအဆင့် ကုန်သွယ်ရေးသဘောတူစာချုပ်လက်မှတ်ရေးထိုး

အမေရိကန်နှင့်တရုတ် ကုန်သွယ်ရေးတင်းမာမှုလျော့နည်းစေရန် ပထမအဆင့်ကုန်သွယ်ရေးသဘောတူစာချုပ်ကို အမေရိကန်သမ္မတနှင့် တရုတ်ဒုတိယဝန်ကြီးချုပ်တို့ ဘင်ဂျင်းတွင် ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အမေရိကန်ကုန်စည်နှင့်ဝန်ဆောင်မှုများ တရုတ်နိုင်ငံသို့ တင်ပို့မှု တိုးမြှင့်စေရန်နှင့်တရုတ်နိုင်ငံတွင် အမေရိကန်ကုမ္ပဏီများလုပ်ငန်းဆောင်ရွက်ရာတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ပိုမိုကာကွယ်နိုင်ရန်နှင့် ငွေကြေးဈေးကွက်ကဲ့သို့ တရုတ်ဈေးကွက်များ ပိုမိုဖွင့်လှစ်နိုင်ရန်အတွက် အမေရိကန်နှင့် တရုတ်နှစ်နိုင်ငံတို့ ပထမအဆင့် ကုန်သွယ်ရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ အပိုင်း (၈) ပိုင်းပါတဲ့ သဘောတူစာချုပ်ဟာ ၂ နှစ်ကြာ တင်းမာနေသည့် ကုန်သွယ်ရေးစစ်ပွဲကို ရပ်နားစေပါတယ်။ သို့ရာတွင် အမေရိကန်ဘက်မှ တရုတ်ကုန်စည် အမေရိကန်ဒေါ်လာ ၃၇၀ ဘီလီယံဖိုး တရုတ်ကုန်စည်များ (သို့) အမေရိကန်သို့ တရုတ်သွင်းကုန်စုစုပေါင်း၏လေးပုံသုံးပုံအပေါ် အကောက်ခွန်ဆက်လက်ကောက်ခံလျက်ရှိပါတယ်။

အကောက်ခွန်လျှော့ချမှုများကို နောင်လက်လက်ညှိနှိုင်းမည့် စေ့စပ်ဆွေးနွေးပွဲများတွင် ဆက်လက်ဆွေးနွေး သွားမှာဖြစ်ပါတယ်။ တရုတ်ဘက်မှလည်း နှစ်နိုင်ငံရေးကုန်သွယ်ရေးတင်းမာမှုတွင် အဓိကကျသည့် ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံပိုင် ကုမ္ပဏီများအပေါ် အထောက်အပံ့ပေးမှုတွေကို ရပ်တန့်၊ ဖယ်ရှားပေးရမှာဖြစ်ပါတယ်။ နောင်ကျင်းပမည့် ကုန်သွယ်ရေး ဆွေးနွေးပွဲများကို သင့်တင့်သည့်ကာလတွင် ကျင်းပသွားပြီး အမေရိကန်သမ္မတရွေးကောက်ပွဲကျင်းပမည့် နိုဝင်ဘာလမတိုင်ခင်

အပြီးသတ်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ အိမ်ဖြူတော်၏ အရှေ့ခန်းတွင် စီးပွားရေးနှင့်နိုင်ငံရေး ခေါင်းဆောင်များနှင့်တွေ့ဆုံပွဲတွင် သမ္မတထရမ့်က ကျန်ရှိနေတဲ့အကောက်ခွန်များကို ဒုတိယအဆင့်သဘောတူညီချက်အဆင့်ရောက်တဲ့အခါ အပြီးသတ်လျှော့ပေးသွားမှာဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

**Source:** https://www.wsj.com/articles/u-s-china-to-sign-deal-easing-trade-tensions-11579087018

**စီးပွားရေးသံမှူး-အမေရိကန်**

## STOCK EXCHANGE (23.1.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 23rd Jan. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 444 | 4,936,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,850 | +0 | +0.00% | 3,900 | 3,900 | 3,850 | 5,713 | 22,250,200 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 23,000 | -500 | -2.13% | 23,000 | 23,000 | 23,000 | 97 | 2,231,000 | 2,472,053 | 56,857 |
| TMH | 00005 | 2,850 | -50 | -1.72% | 2,850 | 2,850 | 2,850 | 849 | 2,419,650 | 12,823,224 | 36,546 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 466.89 | +8.53 | +1.86% | 459.32 | 466.89 | 457.90 | 7,103 | 31,836,850 | 5 | 639,325 |

**Index chart**



# Market Overview

As of 12:00 pm, 23rd Jan. 2020

| MYANPIX | 459.32 ▲ 0.96 |
|---|---|
| Total Volume (shares) | 6,652 |
| Total Value (MMK) | 27 mil |
| Listed Company | 5 |
| Market Cap. (MMK) | 628,951 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,000 | ▲ 0 |
| MTSH | 00002 | 3,900 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,850 | ▼ 50 |

TIR